# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ပဉ္စမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၄၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကျန်းမာရေး။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကျန်းမာရေး။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**ရာသီသီးနှံ စိုက်ပျိုးရောင်းချသူများ သင့်တော်သော ဈေးကောက် အခွန်နှုန်းထားများဖြင့် ပေးဆောင် စေပြီး တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မဆီသို့ တက်လှမ်းနိုင်သော ရောင်းဝယ်ရေး အခွင့်ထူးတစ်ရပ် ဖန်တီးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ယခု ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က ရာသီသီးနှံ စိုက်ပျိုးရောင်းချသူများ သင့်တော်သော ဈေးကောက် အခွန်နှုန်းထားများဖြင့် ပေးဆောင်စေပြီး တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မဆီသို့ တက်လှမ်းနိုင်သော ရောင်းဝယ်ရေး အခွင့်ထူးတစ်ရပ် ဖန်တီး ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်၊ ဖရူဆို၊ ဒီမောဆို မြို့နယ်များနှင့် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲမြို့နယ်များမှာ မြို့နယ်စည်ပင်ဈေး ဆိုတာ ရှိပါတယ်။ ဒီဈေးတွေမှာ တစ်ပိုင်တစ်နိုင် ရာသီသီးနှံ လာရောက်ရောင်းချတဲ့ တိုင်းရင်းသား ပြည်သူများဟာ လက်ရှိခံစားနေရတဲ့ အဖြစ်မှန်ကို မည်သူ့ကိုမှ မပြောရဲ မဆိုရဲဘဲ ရေငုံနှုတ်ပိတ်

အဖြစ်နဲ့သာ နေတတ်ကြပြီး ဆင်းဆင်းရဲရဲနဲ့ ဘဝကိုရပ်တည်နေရပါတယ်။ ဒါ့ကြောင့် ပြည်သူ့ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ကျေးရွာများမှာ နေထိုင်တဲ့ တိုင်းရင်းသားများဟာ ဆင်းရဲနွမ်းပါးပြီး ပညာအဆင့်နိမ့်ကျတာ၊ မျက်စိပွင့် နားဖွင့် မရှိသေးတာ၊ မြန်မာစကားကို ကောင်းစွာမပြောတတ်တာ စသည်များကြောင့် စားဝတ်နေရေးအတွက် အလုပ်အကိုင်ရှာဖွေရာမှာ အခွင့်အလမ်း အလွန်နည်းပါးပါတယ်။ ဒါကြောင့် သူတို့ရဲ့ အိမ်ခြံဝင်းအတွင်း မြေကွက်လပ်လေးတွေမှာ မိုးရေ၊ ချောင်းရေတို့နဲ့ အမှီပြုပြီး တစ်ပိုင်တစ်နိုင်သီးနှံများ စိုက်ပျိုးကြပါတယ်။ နောက် တောထဲ တောင်ထဲ သွားပြီး မျှစ်တို့၊ မှိုတို့၊ အသီးအရွက်တို့ကို ရှာဖွေပါတယ်။ ရရှိလာတဲ့ အသီးအရွက်တွေကို သူတို့ရဲ့ မိသားစု စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ထောက်ပံ့မှု အသုံးစရိတ် ရရှိဖို့အတွက် မနက်အစောကြီးကားခ၊ သုံးဘီးခ မကုန်အောင် ကိုယ်တိုင်ထမ်းရွက်ပြီး ကျေးရွာကနေ ဈေးအထိ မိုင်အတော်ဝေးတဲ့ ခရီးကို လမ်းလျှောက်သွားရပါတယ်။ ဈေးကိုရောက်တော့ ပါလာတဲ့သီးနှံကို ခင်းကျင်းရောင်းချကြပါတယ်။

အဓိက တင်ပြချင်တာကတော့ ရောင်းချဖို့ ယူလာရတဲ့ သူတို့ရဲ့ ပစ္စည်းတန်ဖိုးငွေက တစ်ထောင်ကျပ် ဝန်းကျင်သာ ရှိပါတယ်။ ဈေးကောက် အခွန်ဆောင်ရတာက (၃၀၀)ကျပ်ရှိတာကြောင့် ဈေးရောင်းသူ မျှော်လင့်ထားတဲ့ အကျိုးအမြတ်တွေဟာ ဈေးကောက်အတွက်သာ ဖြစ်သွားရပါတယ်။ (၃၀၀)ကျပ်ဆိုတာ ဈေးရောင်းသူတစ်ယောက်အတွက် ထမ်းဆောင်ရတဲ့ သတ်မှတ်ကြေးသာဖြစ်ပြီး ပစ္စည်းများရင် များသလို တိုးမြှင့်ကောက်ခံတာလည်း ရှိပါတယ်။ ဈေးရောင်းမကောင်းတဲ့နေ့မျိုးမှာဆို ဈေးကောက်ပေးဖို့ အဆင်မပြေရင် ဈေးကောက်ဟာ သူတို့ ကောက်ခံမည့်ငွေနဲ့ ထိုက်တန်တဲ့ပစ္စည်းကို သိမ်းသွားပါတယ်။ အဲဒီအခါမှာ ရောင်းချတဲ့ပစ္စည်းဟာ ထက်ဝက်ကျော် ကုန်သွားတာကြောင့် အိမ်အပြန်မှာ မကြာခဏ အရှုံးနဲ့သာ ပြန်လာကြရပါတယ်။ ဒီကိစ္စတွေဟာ ဖြစ်နေတာ နှစ်အတော်ကြာပါပြီ။ တိုင်းရင်းသားများဟာ ဘယ်သူ့ကိုမှ မပြောနိုင်၊ မဆိုနိုင်ဘဲ နောက်ပိုင်း ဈေးရောင်းခြင်းလုပ်ငန်းကိုပါ လက်လွှတ်ဆုံးရှုံးလိုက်ရတာ တော်တော်များများ တွေ့ရှိရပါတယ်။

ငွေကြေးတတ်နိုင်တဲ့ သူတွေကတော့ ဈေးကွက်ကျွမ်းကျင်ပြီး ဆိုင်နဲ့ ကနားနဲ့ ထိုက်တန်တဲ့ အခွန် ပေးဆောင်စေပြီး ကြီးပွားအောင်မြင်မှုတွေနဲ့ လုပ်ကိုင်နေနိုင်ကြပါတယ်။ အသီးအရွက် လမ်းဘေး ချရောင်းတဲ့ တိုင်းရင်းသားပြည်သူတွေဟာ နေ့စဉ် ဈေးရောင်းဖြစ်လို့ တစ်လပြည့်ခဲ့မယ်ဆိုရင် သူတို့ဆောင်တဲ့ အခွန်ငွေဟာ (၉၀၀၀)ကျပ် ရှိပါတယ်။ နားရက်မရှိ တစ်နှစ်ပြည့်အောင် ရောင်းခဲ့မယ်ဆိုရင်တော့ (၁၀၈၀၀၀)ကျပ်ပေးဆောင်နေရပါတယ်။ ဒေသခံတိုင်းရင်းသားပြည်သူတွေဟာ မိမိဒေသမှ သစ်၊ ဝါး မျိုးသုဉ်းသွားတာ၊ လူဦးရေ များပြားလာလို့ စိုက်ပျိုးမြေကျဉ်းမြောင်းလာတာကြောင့် စားဝတ်နေရေး၊ အခြားအရေးကိစ္စတွေပါ ခက်ခဲလာရပါတယ်။ ဒါကြောင့် ငွေရှာဖွေနိုင်တဲ့ အခွင့်အလမ်းသစ်တွေကို ရှာဖွေလာရပါတယ်။ ဒါကြောင့် သူတို့ အိမ်ခြံဝင်းအတွင်းမှာ စိုက်ပျိုးထားတဲ့ အသီးအနှံတွေကို ဈေးကောက်ရဲ့ ထိုက်သင့်တဲ့ အခွန်အခကိုသာ ပေးဆောင်စေပြီး ရောင်းချရတဲ့အခွင့်အရေးကို ရစေချင်ပါတယ်။

လက်ရှိ အခြေအနေအတိုင်း ဆက်သွားမယ်ဆိုရင် ဒေသခံတိုင်းရင်းသားတို့ ရောင်းဝယ်နိုင်မှု၊ အတတ်ပညာ အခွင့်အလမ်းကို ပိတ်ဆို့ထားသလိုဖြစ်ပြီး ဒေသခံမဟုတ်တဲ့ ငွေကြေးတတ်နိုင်သူများ လာရောက် အရောင်းအဝယ်ပြုနေသူများကို တစ်ဖက်သတ် အားပေးအားမြှောက်ပြုသလိုဖြစ်နေပါတယ်။ အောက်ခြေလူတန်းစားများရဲ့ တစ်ပိုင်တစ်နိုင် ရောင်းချ၍ ရရှိလာသော အကျိုးအနည်းငယ်နှင့် စားသောက်ခွင့်ရရှိသော ထမင်းလုတ်ကို ဈေးကောက်အတွက် အခွန်အကောက်များ ခွဲဝေပေးဆောင်ရင်း ထမင်းလုတ်လျော့နည်းခဲ့ရပြီး ဝမ်းမဝနိုင် ဖြစ်ရပါတယ်။ ဝမ်းဝဖို့ထက် အခွန်များအတွက် လုံ့လစိုက်နေသူများ ဖြစ်နေရပါတယ်။ တိုးတက်ဖို့အခွင့်အလမ်းမဲ့နေပြီး နောင်မှာ ယနေ့တည်ရှိနေတဲ့ တိုင်းရင်းသားလူမျိုးတို့ရဲ့ ဈေးဟာ ငွေကြေးတတ်နိုင်သူများရဲ့ အရင်းရှင်ဈေးအဖြစ် အသွင်ဆောင်သွားပြီး ဒေသခံတိုင်းရင်းသားတွေမှာတော့ အလုပ်သမားဘဝအဖြစ် အသုံးချခြင်း ခံရပါတော့မယ်။

ဒါကြောင့် ကိုယ်ပိုင်အလုပ်ဖြစ်တဲ့ ရာသီသီးနှံစိုက်ပျိုးရေးကို တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မဆီသို့ တက်လှမ်းနိုင်သော အခွင့်အရေးကို မဆုံးရှုံးစေလိုတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ရာသီသီးနှံ စိုက်ပျိုးရောင်းချသူများ သင့်တော်သော ဈေးကောက် အခွန်နှုန်းထားများဖြင့် ပေးဆောင်စေပြီး တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မဆီသို့ တက်လှမ်းနိုင်သော ရောင်းဝယ်ရေးအခွင့်ထူးတစ်ရပ် ဖန်တီးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြည်သူများအကျိုးအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၅။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြစ်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ ကယားပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ ကယားပြည်နယ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင်ဈေး၊ ကျေးလက်ဈေး အပါအဝင် နေ့စဉ်ပုံကျ ဈေးကောက်ကောက်ခံနေသည့် နှုန်းထားများမှာ တစ်ရွက်၊ တစ်တောင်း ရောင်းချသူများထံ တစ်နေ့(၁၅၀)ကျပ်၊ (၃' x ၂') တစ်နေရာ တစ်နေ့(၂၀၀)ကျပ်နှုန်း၊ အမြင့်ဆုံး (၇၀၀)ကျပ် ကောက်ခံရန် စည်းကမ်းသတ်မှတ်ထားပါတယ်။

လက်ရှိဈေးများတွင် အမြင့်ဆုံး ဈေးကောက်(၅၀၀)ကျပ်နှင့် ရောင်းကုန် အနည်းဆုံး (၂၀၀၀)ကျပ် အောက်မျှသာရှိသော ဥပမာ - ချဉ်ပေါင်၊ မြင်းခွာရွက်၊ မျှစ်၊ ခရမ်းကစော့သီး၊ ရွက်လှပင် စသည့် ဈေးသည်များနှင့် အသက်ကြီးရင့်ပြီး ချို့တဲ့သူ ဟု ထင်မြင်ယူဆရသည့် ဈေးသည်များအပေါ် ဈေးကောက်ကောက်ခံခြင်း မရှိပါ။ လွိုင်ကော် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်ဖြင့် ပုံကျဈေးသည် (၁၀၀)ဦးအား ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်မှ သက်သာသော အတိုးနှုန်းထား(၂)ရာခိုင်နှုန်းဖြင့် ကျပ်သိန်း(၂၀၀)ကို ထုတ်ချေးပေးထားပြီး တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မဆီသို့ တက်လှမ်းနိုင်ရေး ရောင်းဝယ်ဖောက်ကားနိုင်ရန် အခွင့်ထူးတစ်ရပ် ဖန်တီးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပုံကျဈေးသည်များ ပြန်လည်ပေးဆောင်ရသည့် အတိုးနှုန်း၏ (၁)ရာခိုင်နှုန်းကို သက်ဆိုင်ရာဘဏ်သို့ ပေးဆောင်စေပြီး ကျန်(၁)ရာခိုင်နှုန်းကို ပုံကျဈေးသည်များ၏ သားသမီးများကို ပညာသင်စရိတ်၊ သာရေးနာရေးကိစ္စများအတွက် နှစ်စဉ် ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒီမောဆိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်း မြို့မဈေးအနေဖြင့် ဗုဒ္ဓဟူး၊ စနေနေ့တိုင်း (၁)ပတ် (၂)ရက်ဈေးဖြင့်လည်းကောင်း၊ ကျေးလက်ဈေးများဖြစ်သော နန်းမယ်ခုံဈေးနှင့် လွိုင်နန်းဖဈေးများအနေဖြင့် (၅)ရက်(၁)ရက် ဈေးဖြင့်လည်းကောင်း၊ လိုဘာခိုဈေးမှာ (၁၀)ရက် (၁)ရက်ဈေးဖြင့်လည်းကောင်း၊ ငွေတောင်ကျေးရွာ ခလရ(၁၀၂)ရှေ့မျက်နှာစာရှိ ငွေတောင်ဈေး အနေဖြင့် (၁)ပတ် (၂)ဈေး တနင်္လာ၊ သောကြာနေ့တိုင်း ဖွင့်လှစ်ရောင်းချလျက်ရှိပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မြို့မပုံကျဈေးကောက်အား လေလံကြေးငွေကျပ် (၁၁၂)သိန်းဖြင့် လည်းကောင်း၊ နန်းမယ်ခုံဈေး ပုံကျဈေးကောက်အား လေလံကြေးငွေ ကျပ်(၅)သိန်း (၁)သောင်းဖြင့်လည်းကောင်း လေလံရောင်းချခဲ့ပြီး သက်ဆိုင်ရာ လိုင်စင်စီမှ ဈေးကောက် ကောက်ခံလျက်ရှိပါတယ်။ ကျန်ဈေးများဖြစ်သော လွိုင်နန်းဖ၊ လိုဘာခိုနှင့် ငွေတောင်ဈေးများအား လေလံရောင်းချခြင်း မရှိပါသဖြင့် ဈေးကောက် ကောက်ခံခြင်း မရှိပါ။ မြို့မဈေး၌ ပုံကျဈေးသည် အနေဖြင့် နွေနှင့်ဆောင်းရာသီများ၌ (၃၀၀)ဦးခန့်နှင့် မိုးရာသီ၌ (၂၀၀)ဦး ခန့်ရှိပြီး ရာသီသီးနှံ ရောင်းချသည့် ဈေးသည်များအနေဖြင့် နွေနှင့် ဆောင်းရာသီများ၌ (၁၀၀)ဦးခန့်နှင့် မိုးရာသီ၌ (၅၀)ဦးခန့် ရောင်းချလျက်ရှိပါတယ်။ နန်းမယ်ခုံဈေး၌ ရာသီသီးနှံရောင်းချသည့် ဈေးသည်ဦးရေမှာ နွေနှင့် ဆောင်းရာသီများတွင်(၁၀၀)ဦးခန့်၊ မိုးရာသီ၌ (၅၀)ဦးခန့်ရှိပြီး မြို့မဈေးနှင့် နန်းမယ်ခုံဈေးရှိ ရာသီသီးနှံရောင်းချသည့် ဈေးသည်များအား ကောက်ခံသည့်နှုန်းထားမှာ တစ်ရွက်၊ တစ်တောင်း (၁၀၀)ကျပ်နှုန်း၊ တစ်အိတ် (၁၅၀)ကျပ်နှုန်း၊ မြင်းလှည်း၊ နွားလှည်း(၁)စီး (၂၅၀)ကျပ်နှုန်းနှင့် ထော်လာဂျီကား(၁)စီး (၄၀၀)ကျပ်နှုန်းဖြင့်လည်းကောင်း လေလံ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ လိုင်စင်စီမှ ဈေးကောက် ကောက်ခံလျက်ရှိပြီး လွိုင်နန်းဖ၊ လိုဘာခိုနှင့် ငွေတောင်ဈေးများတွင် ဈေးကောက် ကောက်ခံခြင်းမရှိပါ။

စည်ပင်သာယာရေးအဖွဲ့မှ ဈေးကောက်လိုင်စင် ချထားပေးခြင်း မရှိသော ငွေတောင်ဈေး၊ လွိုင်နန်းဖဈေးနှင့် လိုဘာခိုဈေးစသည့် ကျေးလက်ဈေးများတွင် ရာသီသီးနှံ စိုက်ပျိုးရောင်းချသူများ အနေဖြင့် နီးစပ်ရာ ဈေးအလိုက် လွတ်လပ်စွာ ရောင်းဝယ်ကြပါသည်။ ဖရူဆိုမြို့နယ်တွင် မြို့မဈေး (၁)ဈေးသာရှိပြီး (၅)ရက်တစ်ဈေး ရောင်းချရာတွင် ဈေးကောက်အနေဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီး၊ သစ်ဥ(၁၀၀)ကျပ်၊ တစ်အိတ်(၁၅၀)ကျပ်၊ မြင်းလှည်း၊ နွားလှည်း(၁)စီး (၁၅၀)ကျပ်၊ ကားတစ်စီး

(၃၅၀)ကျပ်နှုန်းဖြင့် သတ်မှတ်ကောက်ခံပါတယ်။ ရှမ်းပြည်နယ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ များသည် အဖွဲ့ပိုင်စျေးများနှင့် ပတ်သက်၍ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အခွန်အခ အကောက်များ ကောက်ခံလျက်ရှိပါတယ်။ စျေးဆိုင်ခန်းခများအား အဖွဲ့မှ ကောက်ခံလျက်ရှိပြီး ပုံကျစျေးသည်များအား စျေးကောက်လိုင်စင်စီစနစ်ဖြင့် စျေးကောက် ကောက်ခံလျက် ရှိပါတယ်။

စျေးကောက်လိုင်စင်အား သတ်မှတ်သော နှုန်းထားများဖြင့်သာ ကောက်ခံစေရန် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လိုင်စင်စည်းကမ်းများတွင် သတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်းရှိ ဖယ်ခုံ၊ မိုးဗြဲနှင့် ပင်လောင်းမြို့များတွင် ဟင်းသီးဟင်းရွက် တစ်ပိုင်တစ်နိုင် ရောင်းဝယ်သူ များအတွက် ပုံကျစျေးကောက်နှုန်းထားများမှာ နေရာအကျယ်အဝန်းပေါ် မူတည်၍ အနည်းဆုံး (၁၀၀)ကျပ်မှ အများဆုံး (၃၀၀)ကျပ်ထိ ဖြစ်ပါတယ်။ ဖယ်ခုံ၊ မိုးဗြဲ၊ ပင်လောင်းမြို့များရှိ စျေးများတွင် နေ့စဉ်ရောင်းချသော စျေးသည်များမှာ မြို့ခံစျေးသည်အများစုဖြစ်ပြီး ဟင်းသီးဟင်းရွက် တစ်ပိုင် တစ်နိုင် ရောင်းဝယ်သူများသည် စျေးနေ့များတွင်သာ အဓိက လာရောက်ရောင်းချသူများ ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့များသည် ပုံကျစျေးကောက်များ ကောက်ခံရာတွင် အဖွဲ့ဝင်ငွေရရှိရေးထက် စျေးသည်များ စည်းကမ်းတကျ စနစ်တကျ ရောင်းဝယ်ဖောက်ကားနိုင်ရေး၊ အများပြည်သူ အဆင်ပြေစွာ စျေးဝယ်နိုင်ရေး၊ သန့်ရှင်းသော သီးနှံ၊ ဟင်းသီးဟင်းရွက်များ ရောင်းချစေရေး စျေးရောင်းသည့် နေရာများ သန့်ရှင်းစေရေးစသည့် လုပ်ငန်းများကို အလေးထား ကြိုးကြပ်ဆောင်ရွက်လျက် ရှိပါတယ်။

စျေးကောက်လိုင်စင် ရရှိသူများသည်လည်း စျေးကောက် ကောက်ခံရာတွင် ယဉ်ကျေး ပျူငှာစွာဖြင့် ကောက်ခံစေရေး၊ သတ်မှတ်သော နှုန်းများထက် ပိုမိုမကောက်ခံစေရေး ကြီးကြပ် ဆောင်ရွက်လျက်ရှိသကဲ့သို့ စည်းကမ်းလိုက်နာမှု မရှိသော စျေးကောက်များအားလည်း နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ သတိပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အခွန်အခ၊ အကောက်များ ကောက်ခံရာတွင် ဖြစ်သင့်ဖြစ်ထိုက်သော နှုန်းထားများ၊ အများပြည်သူ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော နှုန်းထားများ စိစစ်သတ်မှတ်ကောက်ခံစေခြင်းဖြစ်ပြီး ရရှိသော ဝင်ငွေများဖြင့် မြို့ပြ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ပိုင်တစ်နိုင်မှ တစ်အုပ် တစ်မသို့ ရောင်းချနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့် သက်ဆိုင်ရာဌာန များ၊ လုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များ ပေါင်းစပ်လျက် အရည်အသွေးပြည့် ဟင်းသီးဟင်းရွက်၊ သီးနှံ၊ သစ်သီးဝလံ စိုက်ပျိုးနိုင်ရေး တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မ စိုက်ပျိုးနိုင်ရေး ပူးပေါင်း ဆောင်ရွက်သွားစေမည်ဖြစ်ပြီး တစ်အုပ်တစ်မ ရောင်းချနိုင်ရန် ဟင်းသီးဟင်းရွက်၊ သီးနှံ၊ သစ်သီးဝလံ ဒိုင်များ၊ ပွဲရုံများ၊ ကုန်စည်စျေးများ ဖွင့်လှစ်နိုင်ရေး စည်ပင်သာယာရေးအဖွဲ့ သက်ဆိုင်ရာ ပြည်သူ များနှင့် လုပ်ငန်းရှင်အသင်းအဖွဲ့များအား စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်း တွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## မြစ်သာမြစ်ကူး တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က မြစ်သာမြစ်ကူး တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ပညာရှင်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ မြစ်သာမြစ်၌ ကားသွားနိုင်သည့်တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။ မြစ်သာမြစ်ဟာ မကွေးတိုင်းနှင့် ချင်းပြည်နယ် ခွဲခြားတဲ့ ဂန့်ဂေါမြို့နယ်မှာရှိတဲ့ မြစ်တစ်မြစ်ဖြစ်ပါတယ်။ ဤတံတားကို တည်ဆောက်ပေးပါက ဂန့်ဂေါ မြို့နယ်မှ ချင်းပြည်နယ်၊ ရေဇွာမြို့နယ်ခွဲနှင့် လိုင်လင်းပီကျေးရွာအထိ မှီခိုသောတံတား ဖြစ်ပါမယ်။ သို့သည်သာမက ထန်တလန်မြို့နယ်တောင်ပိုင်း၊ ဟားခါးမြို့နယ်တောင်ပိုင်းနှင့် မတူပီမြို့နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်အလယ်ပိုင်းရဲ့ လူဦးရေအများဆုံးနဲ့ အိမ်ခြေအများဆုံး မှီခိုနေတဲ့ တံတား၊ ကားလမ်း ဖြစ်ပြီးတော့ အဲဒီတံတားကို အကျိုးပြုမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသာမကဘဲ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ် အနောက်ဘက်မှာရှိတဲ့ မြစ်သာမြစ်ရဲ့ အနောက်ဘက်မှာရှိတဲ့ ရွာများမှာလည်း တိုက်ရိုက်အကျိုးပြုမယ်ဖြစ်ပါတယ်။ အဲဒီတံတား ပြီးလို့ရှိရင် ဒီကားလမ်းမှီခိုတဲ့ မကွေးတိုင်းမှာ ရွာ(၅)ရွာ တိုက်ရိုက်ရှိပြီး ချင်းပြည်နယ် ရွာများမှာ (၁၀)ရွာ၊ (၁၅)ရွာလောက် တိုက်ရိုက် မှီခိုတဲ့လမ်းဖြစ်ပါတယ်။ မင်းတပ်-မတူပီကားလမ်းဟာ မိုင်(၁၀၅)မိုင်လောက်ဝေးပြီး ရွာ(၂)ရွာသာလျှင် ကားလမ်းဖြတ်ကူးပါတယ်။ ဤလမ်းသည် ရွာအမြောက်အမြား မှီခိုမယ့်လမ်းဖြစ်ပါတယ်။ စုစုပေါင်းမှီခိုမယ့်ရွာများဟာ အနည်းဆုံး ရွာ(၄၀)၊ (၄၅)ရွာမျှ မှီခိုမယ့် လမ်းဖြစ်ပြီးတော့ တံတားလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ရက်နေ့၊ (၃)လ၊ ၂၀၁၁ ရက်နေ့စွဲဖြင့် ကြယ်ပွင့်ပြမေးခွန်းကို မေးတုန်းက ဆောက်လုပ်ရေးဝန်ကြီးက ဖြေကြားရာတွင် မြစ်ကူးတံတားလိုအပ်သောအချိန်တွင် မြစ်သာမြစ်ကူး တစ်ခုခုကို ရွေးချယ်၍ ပဏာမတိုင်းတာမှုအဆင့်ဆင့်ကို လေ့လာတိုင်းတာပေးမယ်ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။ သို့သော်လည်းပဲ ယနေ့တိုင် ဖြေကြားခြင်းမရှိသဖြင့် ကျွန်တော့် ပြည်သူမဲဆန္ဒရှင်များက အကြိမ်ကြိမ်မေးမြန်းလာတဲ့အခါ အခုထပ်မံ၍ မေးမြန်းခြင်းဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းစဉ်အခါက မကွေးတိုင်း အမှတ်(၁၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ကလည်း ဒီတံတားအတွက်ကို လေးလေးနက်နက်ထောက်ခံပြီး ဖြစ်ပါတယ်။ ဒါကြောင့် အောက်ပါမေးခွန်းကို ကျွန်တော်ထပ်မံ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ (က) ဂန့်ဂေါမြို့နယ်မှ ချင်းပြည်နယ် ရေဇွာမြို့နယ်ခွဲသို့ သွားရာ၌ လိုအပ်နေသော ကားသွားနိုင်သည့် မြစ်သာမြစ်ကူး တံတားကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ။ (ခ) တည်ဆောက်ပေးမယ်ဆိုပါက မည်သည့် အချိန်ကာလတွင် တည်ဆောက်ပေးနိုင်မည်နည်း။ ကျေးဇူးတင်ပါတယ်။

**ကျုံဒိုး-ကော့ကရိတ် လမ်းပိုင်း(၁၅/၀)မိုင်အား လမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ဦးအောင်မြင့်သိန်း က ကျုံဒိုး-ကော့ကရိတ် လမ်းပိုင်း(၁၅/၀)မိုင်အား လမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များနဲ့ ပညာရှင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဒီကနေ့ မေးမြန်းမယ့် မေးခွန်းကတော့ ကျုံဒိုး-ကော့ကရိတ်လမ်းပိုင်း (၁၅)မိုင်အား လမ်းအဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘားအံမြို့၊ ကော့ကရိတ်မြို့၊ မြဝတီမြို့ကြီးများဟာ အာရှအဝေးပြေးလမ်းမကြီးလမ်းကွန်ရက် စီးပွားရေးလမ်းကြောင်းပေါ် ကျရောက်တဲ့ မြို့ကြီးများ ဖြစ်တာနဲ့အညီ မြို့ပြအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။ ဘားအံ-ကော့ကရိတ်-မြဝတီ ကားလမ်းမကြီးပေါ်မှာရှိတဲ့ ကျုံဒိုး-ကော့ကရိတ်လမ်းပိုင်း (၁၅)မိုင်ကို ယခု ဘဏ္ဍာရေးနှစ်မှာ လမ်းပေါက်ဖာထေးခြင်း၊ လမ်းအဆင့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများသာ ရှိခဲ့ပါတယ်။ လမ်းကွန်ရက် စီးပွားရေးလမ်းကြောင်းပေါ်ကျရောက်နေတဲ့အတွက်ကြောင့် တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်ရေးလုပ်ငန်းများအနေဖြင့် နေ့စဉ်ကုန်တင်ကားကြီးများ အစီး(၂၀၀) ကျော် ဖြတ်သန်းကုန်သွယ်လျက်ရှိပါတယ်။ ၎င်းကုန်တင်ကားကြီး အများစုမှာတော့ တန်ပိုယာဉ်များ ဖြစ်ကြပြီး ထူးခြားသောဒေသရဲ့ နယ်မြေအခြေအနေများကြောင့် တိတိကျကျစိစစ်ပြီး တားဆီးနိုင်ခြင်း၊ အရေးယူဒဏ်ရိုက်နိုင်ခြင်းများ အားနည်းခဲ့ရပါတယ်။ ထို့အတွက်ကြောင့် တန်ပိုယာဉ်များကြောင့်လည်းကောင်း၊ ဒေသတွင်း မိုးပိုမိုသည်းထန်မှုကြောင့်လည်းကောင်း၊ ကျုံဒိုး - ကော့ကရိတ်လမ်းအပိုင်း (၁၅)မိုင်မှာ လမ်းပေါက်ပြဲမှုများ ပိုမိုရှိလာပြီး လမ်းအဆင့်များ နိမ့်ကျလာတာကို လေ့လာတွေ့ရှိရပါတယ်။ လမ်းပေါက်များကို စစ်ဆေးလိုက်တဲ့အခါမှာ မကြာတဲ့အချိန်ကာလမှာ ချိုင့်ခွက်များကျယ်ပြန့်လာပြီးတော့ လမ်းများပိုမိုဆိုးဝါးလာတော့မှာ သိရှိရပါတယ်။

ဒါ့အပြင် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လရဲ့ ၂၇၊ ၂၈၊ ၂၉ ရက်နေ့များမှာ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရဲ့ မိုးရေချိန်စံချိန်သစ် တင်ခဲ့တဲ့ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဂျိုင်းမြစ်၊ ဟောင်သရောမြစ်တို့မှာ စိုးရိမ်ရေအမှတ်(၃.၃)ပေ၊ (၁၁၀)စင်တီမီတာအထိ ရှိခဲ့ပြီးတော့ ရေကြီးနစ်မြုပ်မှုများ ရှိခဲ့တဲ့အတွက် ကျုံဒိုး-ကော့ကရိတ်လမ်းအပိုင်း (၁၅)မိုင်မှာ လမ်းပျက်စီးမှုများ ပိုမို

ဆိုးရွားခဲ့ရပါတယ်။ ရှေ့လာမယ့် ၂၀၁၄ အလွန်လောက်မှာဆိုရင် မြဝတီမြို့နဲ့ ကော့ကရိတ်မြို့ကို ဆက်သွယ်တဲ့ အာရှကားလမ်းမသစ်ကြီးလည်း ပေါ်ပေါက်လာတော့မှာ ဖြစ်သလို၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းကြီးမှတစ်ဆင့် ကုန်ပစ္စည်းများ စိစစ်၍ အာဆီယံ စံချိန်စံညွှန်းများနှင့်အညီ ကုန်သွယ်မှုတွေ ပိုမိုထွန်းကားလာတော့မှာ ဖြစ်ပါတယ်။ ဘားအံမြို့နဲ့ ကော့ကရိတ်မြို့နယ်ကို ဆက်သွယ်ထားတဲ့ ဂျိုင်း-ကော့ကရိတ် တံတားကြီးကိုလည်း အာဆီယံ စံချိန်စံညွှန်းများနဲ့အညီ ကုန်တင်ဝန်အားခံနိုင်ရန် အဆင့်မြှင့်တင်မယ့် အစီအမံများလည်း ရှိနေပြီ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဘားအံ-ကော့ကရိတ်-မြဝတီကုန်သွယ်ရေး ကားလမ်းမကြီးပေါ်မှာရှိတဲ့ ကျုံဒိုး-ကော့ကရိတ်လမ်းအပိုင်း (၁၅)မိုင်အား လမ်းအဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများ၏ကိုယ်စား လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၉။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၉) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးပေါ်လျှံလွင် မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ဂန့်ဂေါမြို့မှ ချင်းပြည်နယ်၊ ရေဇွာမြို့နယ်ခွဲသို့ သွားရာ၌ လိုအပ်နေသော ကားသွားနိုင်သည့် မြစ်သာမြစ်ကူးတံတားကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ တည်ဆောက်ပေးမည် ဆိုပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့မှ ချင်းပြည်နယ်၊ ရေဇွာမြို့နယ်ခွဲသို့သွားတဲ့ ဂန့်ဂေါ-အိုက်ကားလမ်း၊ ဒီမှာ ကျွန်တော်တို့ တင်ပြရလျှင် ဒီလမ်း ဖြစ်ပါတယ်။ ဒီလမ်းဟာ ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းရဲ့ မိုင်တိုင် ဒီနေရာကနေ ကျွန်တော်တို့ စရင် မိုင်တိုင် (၁၃၆/၄)မှာရှိတဲ့ လမ်း ဖြစ်ပါတယ်။ ဒီလမ်းမှာ ကျွန်တော်တို့ ဆက်သွားလို့ရှိရင် ဒီ မြစ်သာမြစ်ကို ကူးလိုက်ရင် ဂန့်ဂေါမြို့ကို ရောက်ရှိတာ ဖြစ်ပါတယ်။ ဂန့်ဂေါမြို့က မိုင်တိုင်(၁၄၀) ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ မိုင်တိုင်(၁၃၇)နဲ့ (၁၃၇/၁)အကြားမှာရှိတဲ့ အရှေ့ဘက်ကမ်းမှာ ပျားရွာနဲ့ အနောက်ဘက်ကမ်းမှာ အောင်မြင်ကျေးရွာ ရှိတဲ့နေရာမှာ နွေရာသီမှာ သွားလာနိုင်ဖို့

အတွက် ယာယီရေနိမ့်တံတား ထိုးထားတာကို ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီတံတားလေးဟာ နွေရာသီမှာတော့ သွားလာနိုင်ပြီးတော့ မိုးရာသီမှာတော့ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိပါဘူး။

ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ တံတားအုကြောင်းနေရာ ရွေးချယ်ခြင်းနဲ့ ပဏာမတိုင်းတာမှု Feasibility Study များကို ရုံးချုပ်မှ အဖွဲ့တစ်ဖွဲ့ စေလွှတ်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ထားတာ ရှိပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ ဒါ Google ကနေ ကျွန်တော်တို့ ပြတဲ့ပုံ ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ဒီဘက်ကလာတဲ့ လမ်းဟာ မိုင်တိုင်(၁၃၆/၄) ကနေပြီးတော့ ဒီဘက်က အိုက်ကားကနေ ရေဇွာမြို့နယ်ခွဲအထိ သွားတဲ့လမ်း ဖြစ်ပါတယ်။ ဒီမှာကတော့ ကျွန်တော်တို့ ဒီနေရာလေးက တံတားထိုးမယ့်နေရာ ဖြစ်ပါတယ်။ ဒီမှာ ဒါကျွန်တော်တို့ မိုင်တိုင်(၁၃၇)နဲ့ (၁၃၇/၁)ကြားမှာ တံတားထိုးမယ့်နေရာ ဖြစ်ပါတယ်။ ဒီကနေ ဆက်သွားရင်တော့ မိုင်တိုင်(၁၄၁)မှာ ဂန့်ဂေါမြို့ရှိတဲ့နေရာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ Feasibility Study များ ပြုလုပ်ပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်းပေါ်မှာရှိတဲ့ မြစ်သာမြစ်ကူးတံတား အရှည်(၆၀၀)ပေကို ကျွန်တော်တို့ ကမ်းကပ်ခုံကို သံကူကွန်ကရစ်နဲ့၊ ရေလယ်တိုင်များကိုလည်း သံကူကွန်ကရစ်နဲ့ အပေါ်ထည်မှာတော့ ဘေလီတံတားနဲ့ ကျွန်တော်တို့ တည်ဆောက်ပေးရန်အတွက် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာ မကွေးတိုင်းဒေသကြီးအစိုးရမှ ရန်ပုံငွေလျာထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်မြင့်သိန်း မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ကျုံဒိုး-ကော့ကရိတ်လမ်းအပိုင်း (၁၅)မိုင်အား လမ်းအဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုသည့် မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ကျုံဒိုး-ကော့ကရိတ်လမ်းအပိုင်း (၁၅)မိုင်ဟာ ဒီအပိုင်းတွေ ဖြစ်ပါတယ်။ (၁၅)မိုင်ဟာ ကျွန်တော်တို့ လှိုင်းကွယ် ကနေပြီးတော့ ကျုံဒိုးအထိ (၉)မိုင်ရှိပါတယ်။ လှိုင်းကွယ် ကနေပြီး ကော့ကရိတ်(၆)မိုင်၊ စုစုပေါင်း(၁၅)မိုင် ပါဝင်တာဖြစ်ပါတယ်။ ဒီလမ်းကို ကျွန်တော်တို့ ပြန်ကြည့်လိုက်လို့ရှိရင် ဒီ မုဒုံ ကနေပြီးတော့ မြဝတီကို သွားတဲ့ ကော့ကရိတ်-မြဝတီ ကို သွားတဲ့ လမ်းအပိုင်းပေါ်မှာ ကျရောက်နေတာ ရှိပါတယ်။ ဒီဘက်အပိုင်းမှာ ကျွန်တော်တို့ (၆)မိုင်၊ ဒီဘက်မှာ(၉)မိုင်၊ စုစုပေါင်း ကျုံဒိုး-ကော့ကရိတ်(၁၅)မိုင်ကို တင်ပြထားခြင်း ဖြစ်ပါတယ်။ ဒီလမ်းကတော့ ကျွန်တော်တို့ ဒါ ဆောက်လုပ်ရေး ဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပါတယ်။ ဒီလမ်းမှာတော့ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှုကြောင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လအတွင်း မိုးရေချိန်စံချိန်သစ်တင်တဲ့အထိ မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် ဂျိုင်းမြစ်နဲ့ ဟောင်သရောမြစ်များ ရဲ့ ရေကြီးနစ်မြုပ်မှုများကြောင့်လည်းကောင်း၊ လမ်းပျက်စီးမှုများ ပိုမိုဆိုးရွားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ကျုံဒိုး-ကော့ကရိတ်လမ်း (၁၅)မိုင်ကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ကျပ်(၃၈)သန်းနှင့် ကျုံဒိုး-လှိုင်းကွယ် အပိုင်း(၉)မိုင်၊ မုဒုံ-မြဝတီအပိုင်း(၆)မိုင်တို့မှာ ဖြစ်ပေါ်နေတဲ့ လမ်းပေါက်ကြီးများကို ကြိုတင် ကတ္တရာရော လမ်းပေါက်ဖာထေးခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း စတာများကို တင်ပြထားတဲ့ ပုံပါအတိုင်း ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ယခုမှာတော့ ကျွန်တော်တို့ ကျုံဒိုး-ကော့ကရိတ် လမ်းအပိုင်းဟာ လမ်းအဆင့် နိမ့်မကျသွားစေရန်နဲ့ ချောမွေ့စွာအသုံးပြု လာနိုင်ရန်သာ ရည်ရွယ်ပြီးတော့ ထိန်းသိမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ၂၀၁၃-၁၄ ဘဏ္ဍာရေး နှစ်မှာ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ရဲ့ ကျွမ်းကျင်မှု အကူအညီနဲ့ အိန္ဒူ-ကျုံဒိုး-ကော့ကရိတ်လမ်းအပိုင်း လမ်းအဆင့်မြှင့်တင်ရန်အတွက် ဖြစ်နိုင်စွမ်းလေ့လာခြင်း Feasibility Study လုပ်ငန်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျုံဒိုး-ကော့ကရိတ်လမ်းကို အာဆီယံစံချိန်စံညွှန်းနဲ့အညီ အဆင့်မီ(၂)လမ်းသွား ကတ္တရာကွန်ကရစ်လမ်း အဖြစ် တည်ဆောက်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ချေးငွေရရှိရန် ဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်မှာ လုပ်ငန်းများကို စတင်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေနဲ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ မဆောင်ရွက်နိုင်မီကာလ အတွင်းမှာတော့ နိုင်ငံတော်မှ ငွေလုံးငွေရင်း ရန်ပုံငွေ၊ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေများ အသုံးပြု ပြီးတော့ ပျက်စီးမှုများကို ပြင်ဆင်ထိန်းသိမ်းသွားမှာ ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အခုလို Power Point နဲ့ စနစ်တကျ ရှင်းပြတဲ့အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်အနောက်ဘက် (၂၄)မိုင်အကွာ ကပ္ပလီပင်လယ်ပြင်အတွင်းတွင် ရှိသော မလိကျွန်းရှိ မလိကျေးရွာအုပ်စုတွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာ ဝန်ထမ်းများကို ဝေးလံခေါင်ဖျားဒေသအဖြစ် သတ်မှတ်ပြီး ဝန်ထမ်းလစာ တိုးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးလှစိုး က တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်အနောက်ဘက် (၂၄)မိုင်အကွာ ကပ္ပလီပင်လယ်ပြင် အတွင်းတွင်ရှိသော မလိကျွန်းရှိ မလိကျေးရွာအုပ်စုတွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာ ဝန်ထမ်းများကို ဝေးလံခေါင်ဖျားဒေသအဖြစ် သတ်မှတ်ပြီး ဝန်ထမ်း လစာတိုးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးလှစိုး၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉) ပုလောမြို့နယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ အကြောင်းအရာ ကတော့ ပုလောမြို့နယ်အနောက်ဘက် (၂၄)မိုင်အကွာ ကပ္ပလီပင်လယ်ပြင် အတွင်းတွင်ရှိတဲ့ မလိကျွန်းရှိ မလိကျေးရွာအုပ်စုမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းများကို ဝေးလံ ခေါင်ဖျား ဒေသအဖြစ် သတ်မှတ်ပြီး ဝန်ထမ်းလစာတိုးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မလိကျွန်းကျေးရွာအုပ်စုရှိ မလိကျွန်းဟာ ပုလောမြို့နယ်အနောက်ဘက် (၂၄)မိုင်အကွာ ကပ္ပလီပင်လယ်ပြင်မှာ တည်ရှိပါတယ်။ မြောက်မှ တောင်သို့ (၂၂)မိုင်ရှည်လျားပြီး အရှေ့မှ အနောက်သို့ (၄)မိုင်ခန့်အကျယ်ရှိတဲ့ ကျွန်းကြီး ဖြစ်ပါတယ်။ ၎င်းကျွန်းကြီးမှာ ကျောက်ထရံကျေးရွာ၊ ဇရပ်ဆိပ်ကျေးရွာ၊ ငရုတ်ကောင်းအော်ကျေးရွာ၊ ဂျဲတောင် ကျေးရွာနှင့် ငါးကျွန်းကျေးရွာဟူ၍ ကျေးရွာ(၅)ရွာဖြင့် ဖွဲ့စည်းထားတဲ့ ကျေးရွာအုပ်စု ဖြစ်ပါတယ်။ ၎င်းကျွန်းပေါ်ရှိ လူများဟာ ရေလုပ်ငန်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများကို လုပ်ကိုင်ကြပါတယ်။ မလိ ကျေးရွာအုပ်စုမှာ အထက်တန်းကျောင်းခွဲ(၁)ကျောင်း၊ မူလတန်းလွန်ကျောင်း(၂)ကျောင်း၊ မူလတန်း ကျောင်း(၃)ကျောင်း၊ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျန်းမာရေးဌာနခွဲ(၁)ခု၊ အစိုးရ ပုလဲမွေးမြူရေးစခန်း (၁)ခု၊ ဆက်သွယ်ရေးစခန်း(၁)ခု၊ ရေအားလျှပ်စစ်စက်ရုံ(၁)ရုံ၊ ရှေ့တန်းအမှတ်(၄၇) ရေတပ်စခန်းနှင့် အစိုးရသဘာဝငှက်သိုက်စခန်း(၁)ခု ရှိပါတယ်။ မလိကျေးရွာအုပ်စုမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဌာနဆိုင်ရာဝန်ထမ်း စုစုပေါင်း အယောက်(၂၀၀)ခန့် ရှိပါတယ်။ မလိကျေးရွာအုပ်စုသို့ သွားလာ နိုင်ရန်အတွက် ပင်လယ်ရေလမ်း တစ်ခုသာ အသုံးပြုပြီး သွားလာလို့ ရပါတယ်။ မိုးရာသီ မေ၊ ဇွန်၊ ဇူလိုင်လများမှာ လှိုင်းလေပြင်းထန်၍ သွားလာရန်အခက်အခဲများစွာရှိပြီး ဆောင်းရာသီသို့ ရောက်ပြန် ရင်လည်း အရှေ့လေပြင်းများ တိုက်ခတ်တဲ့အခါမှာ ဒီဇင်ဘာ၊ ဇန်နဝါရီလများမှာ လှိုင်းကြီး၍ သွားလာရန် အခက်အခဲရှိသည့် ဒေသဖြစ်ပါတယ်။ မလိကျေးရွာအုပ်စုမှာ တာဝန်ထမ်းဆောင်ရန် လာကြတဲ့ ဌာနဆိုင်ရာဝန်ထမ်းများ၊ အထူးသဖြင့် တိုက်နယ်ဆေးရုံ လက်ထောက်ဆရာဝန်များ၊ ကျောင်းဆရာ/ဆရာမများဟာ ဆိုလို့ရှိရင် တာဝန်ခဏတာ လာရောက်ထမ်းဆောင်ပြီး သွားလာရေး အခက်အခဲ၊ စားဝတ်နေရေး အခက်အခဲတို့ကြောင့် လစာမဲ့ခွင့်ယူပြီး ပြန်ကြ၊ အလုပ်ထွက်သွားကြတဲ့ သူတွေ များတယ်လို့ သိရပါတယ်။ ထို့ကြောင့် ဒေသခံများရဲ့ ကျန်းမာရေး အခက်အခဲနှင့် ပညာရေး အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါတယ်။

သို့ဖြစ်၍ မလိကျွန်းရှိ မလိကျေးရွာအုပ်စုမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများကို ဝေးလံခေါင်ဖျားဒေသအဖြစ်သတ်မှတ်ပြီး ဝန်ထမ်းလစာတိုးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို ဒေသခံ လူထု၏တင်ပြချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရခြင်း ဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှစိုး ရဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ် အနောက်ဘက် (၂၄)မိုင်အကွာ ကပ္ပလီပင်လယ်ပြင်အတွင်းတွင်ရှိသော မလိကျွန်းရှိ မလိကျေးရွာအုပ်စုတွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများကို ဝေးလံခေါင်ဖျားဒေသအဖြစ် သတ်မှတ်ပြီး ဝန်ထမ်းလစာ တိုးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီရဲ့ ၉-၅-၁၉၇၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၇၉ ဖြင့် ဒေသစရိတ်ခံစားခွင့်ရှိတဲ့ မြို့နယ်များသတ်မှတ်ရာမှာလည်းကောင်း၊ (ယခင်) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ ၁၅-၃-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၀၀/၂၀၁၂ နဲ့ ဒေသစရိတ် ခံစားခွင့်ရှိတဲ့ မြို့နယ်(၈၇)မြို့နယ်ကို သတ်မှတ်ခဲ့ရာမှာလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ ပုလောမြို့နယ်ဟာ လူမှုရေးခက်ခဲသောအဆင့်တွင် ပါဝင်ခဲ့ခြင်း မရှိသေးကြောင်း တွေ့ရှိရပါတယ်။

ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲသောဒေသများရှိ ဝန်ထမ်းများကို ဒေသစရိတ် ခံစားခွင့်ပြုရေးအတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့တဲ့အတွက် ၂၀၁၂ခုနှစ်၊ စက်တင်ဘာလမှာ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲတဲ့ မြို့နယ်/မြို့နယ်ခွဲ (၈၇)ခုအပြင် လုံခြုံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒေသများ ထပ်မံကျန်ရှိခြင်းရှိ/မရှိ စိစစ်တင်ပြစေခဲ့ရာမှာ တိုင်းဒေသကြီး/ပြည်နယ်များမှ စုစုပေါင်းမြို့နယ်၊မြို့နယ်ခွဲ(၂၂)ခုကို ဝေးလံခေါင်သီသော ဒေသအဖြစ် ထပ်မံသတ်မှတ်သင့်ကြောင်း တင်ပြလာခဲ့တဲ့အတွက် အဆိုပါ မြို့နယ်၊ မြို့နယ်ခွဲ(၂၂)ခုကို ဝေးလံခေါင်သီပြီးလူမှုရေးခက်ခဲသော ဒေသများအဖြစ် ထပ်မံဖြည့်စွက်၍ စုစုပေါင်းမြို့နယ်၊ မြို့နယ်ခွဲ (၁၀၉)ခုမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့်များကို (ယခင်) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရဲ့ ၁၅-၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၈၆/၂၀၁၃ ထုတ်ပြန်ပြီး ခွင့်ပြုပေးခဲ့ပါတယ်။ ဆက်လက်ပြီး ၁၅-၈-၂၀၁၃ ရက်စွဲပါအမိန့်ကြော်ငြာ စာအမှတ်၊ ၁၅၁၃/၂၀၁၃ ဖြင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်ကို ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲသော ဒေသများအဖြစ် ထပ်မံဖြည့်စွက်၍ စုစုပေါင်းမြို့နယ်၊ မြို့နယ်ခွဲ(၁၁၀)ကို သတ်မှတ်ပေးခဲ့ပါတယ်။

ပုလောမြို့နယ်မှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများကို လုပ်ခလစာ(၂)ဆ တိုးမြှင့်ခံစားခွင့်ပြုရေးနဲ့ ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းခဲ့ရာမှာ ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်ရာမှာ တိုင်းဒေသကြီး/ပြည်နယ်များမှ ထောက်ခံတင်ပြလာမှုအပေါ်မှာ အခြေခံသတ်မှတ်ထားခြင်းဖြစ်ပြီး ပုလောမြို့နယ်ဟာ ဒေသစရိတ်ခံစားခွင့်ရှိသော ဒေသ(၁၁၀)မှာ ပါဝင်မှုမရှိခြင်း၊ ဝေးလံခေါင်သီသောဒေသ သတ်မှတ်ခြင်းဟာ ကျေးရွာအုပ်စုကို အခြေခံခြင်းမဟုတ်ဘဲ မြို့နယ်ကိုအခြေခံ၍ သတ်မှတ်ခြင်းဖြစ်တဲ့အတွက် မလိကျွန်းကျေးရွာအုပ်စုကို ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်ပြီး လစာ(၂)ဆ ခံစားခွင့်ပြုရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်ကြားချက်ရရှိခဲ့ပါတယ်။

သို့ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်မှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နိုင်ငံ့ဝန်ထမ်းများကို လုပ်ခလစာ(၂)ဆတိုးမြှင့်ခံစားခွင့်ပြုပေးရန် အစီအစဉ်မရှိသေးပါကြောင်းနဲ့ ဝေးလံခေါင်သီတဲ့ ဒေသသတ်မှတ်ခြင်းကို မြို့နယ်ကို အခြေခံသတ်မှတ်ခြင်းအစား ကျေးရွာအုပ်စု/ဒေသကို အခြေခံ စဉ်းစားသတ်မှတ်ဆောင်ရွက်နိုင်ရန်ကိစ္စနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဆက်လက်ပြီးတော့ ညှိနှိုင်းသုံးသပ် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅ ။**

**ဥက္ကဋ္ဌ ။** ။ မြို့နယ်ကို အခြေခံမယ့်အစား ကျေးရွာကိုအခြေခံတာတော့ ပိုပြီးတော့ မှန်ကန်တာပေါ့။ ဒါလေးတော့ ဖြစ်မြောက်အောင် ဒုတိယဝန်ကြီး ဆောင်ရွက်ပေးပါ။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ (၁၁)နာရီ(၄၅)မိနစ်မှာ စာရေးဆရာ ကျော်ဝင်း ရဲ့ ကမ္ဘာပြားပြီ ဟောပြောချက်ကို မပျက်မကွက် တက်ရောက်နားထောင်ပါ။ တာဝန်မှအပ အားလုံးတက်ရောက်စေချင်တယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဉ္စမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၄၅ ။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၀း၄၅ နာရီ အချိန်တွင် ရပ်နားပါသည်။]